ရခိုင်ပြည်အမျိုးသားကောင်စီ
Arakan National Council

Head Office, Email: anc.hq1@gmail.com

# ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) ၏ ဂုဏ်ထူးဆောင် နာယက၊ ဦးခိုင်စိုး၏ ဈာပနအခမ်းအနားသို့ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) မှ ပေးပို့သော သဝဏ်လွှာ

နေ့စွဲ - ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၂၄) ရက်။

သဝဏ်လွှာ အမှတ် - ၂/၂၀၂၀။

၁။ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) ၏ ဂုဏ်ထူးဆောင်နာယကတဦးဖြစ်သူ ဦးခိုင်စိုး၊ အသက် (၈၂) နှစ်သည် ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၂၂) ရက်နေ့တွင် ရခိုင်ပြည်၊ မြောက်ဦးမြို့နယ်၊ မောင်ညိုကျွန်းကျေးရွာတွင် (၉၆) ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားကြောင်းသိရသဖြင့် မိမိတို့ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) မှ ကျန်ရစ်သူ မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

၂။ ဦးခိုင်စိုးသည် ၂၀၁၆ ခုနှစ်မှ စတင်၍ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) တွင် ဂုဏ်ထူးဆောင် နာယကအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ ကာလအားဖြင့် တိုတောင်းသော်လည်း သူမတူသော ထက်မြက်လှသော ဝီရိယဖြင့် အဖိုးမဖြတ်နိုင်သော အကြံဉာဏ်နှင့် လမ်းညွှန်ချက်များပေး၍ ရှေ့ဆောင်ခဲ့သူ တဦးအဖြစ် မိမိတို့ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) မှ အသိအမှတ်ပြုပါသည်။

၃။ နာယကကြီး ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးဖြစ်သော်လည်း နာယကကြီး၏ ဆုံးမသြဝါဒများအား ဦးထိပ်ထားလျက် မိမိတို့ ရခိုင်ပြည်အမျိုးသားကောင်စီ (ANC) သည် ရခိုင်အမျိုးသားတန်းတူရေး၊ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးခွင့်ရရှိရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့အတွက် ဦးလည်မသုန် ဆက်လက်တိုက်ပွဲဝင်သွားဦးမည်ဖြစ်ကြောင်း တမလွန်မှ နာယကကြီး သိစေအပ်ပါသည်။

၄။ နာယကကြီး ဦးခိုင်စိုး ကောင်းရာသုဂတိရောက်ပါစေကြောင်း ဆန္ဒပြုလျက်

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်အမျိုးသားကောင်စီ (ANC)